
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
ခြေဖဝါးသုံးတောင်

# အောင်မြတ်သာနှင့် ခြေဖဝါးသုံးတောင်

မုဆိုးထိုင်စေတီ ထီးတင်ပွဲ အပြီးမှာ တော့ အောင်မြတ်သာ တစ်ယောက် အဓိဋ္ဌာန်ဝင်ဖို့ အတွက် တစ်ယောက်တည်း ခရီးထွက်လာခဲ့တယ်။ သက်ခိုင်တို့ နဲ့ ပြန်တွေ့ဖို့ ကလည်း သုံးလလောက် လိုသေးတယ် မဟုတ်လား။

ခရီးထွက်လာရင်း တိတ်ဆိတ်ငြိမ်သက်တဲ့ တောင်တန်းလေး တစ်ခုဆီကို ရောက်လာခဲ့တယ်။ လမ်းတစ်လျှောက်လုံး ထင်းခွေထွက်လာတဲ့ လူတစ်ယောက်စ နှစ်ယောက်စလောက်ကိုသာ တွေ့ရပြီး ကျန်တဲ့ သက်ရှိတစ်ကောင် တစ်မြီးမှ မတွေ့ရ။

အနည်းငယ် မတ်စောက်တဲ့ တောင်ကုန်းလေးကို တက်လာတော့ လတ်ဆတ်တဲ့ လေနုအေးရဲ့ အရသာကို အောင်မြတ်သာ ခံစားလိုက်ရတယ်။

"ဒီနေရာက အဓိဋ္ဌာန်ဝင်ဖို့ အကောင်းဆုံး နေရာပဲ လူသူအရောက်အပေါက်လည်း နည်းတော့ အရှုပ်အရှင်းလည်း မရှိတော့ဘူး"ဆိုပြီး တစ်ယောက်တည်း ရေရွတ်နေတဲ့ အချိန်

"ဒေါက် ဒေါက် ဒေါက်" ဆိုတဲ့ အသံနဲ့ အတူ တောင်ကုန်းလေးရဲ့ မျက်ကွယ်ကွေ့ကနေ တောင်ဝှေးကို ထောက်ကာ လျှောက်လာတဲ့ အဘိုးအို တစ်ယောက်ကို အောင်မြတ်သာ မြင်လိုက်ရတယ်။ ထိုလူက

အောင်မြတ်သာကို ကြည့်ပြီး

"ဒီနေရာက အဓိဋ္ဌာန်ဝင်လို့ ကောင်းတဲ့ နေရာ မဟုတ်ဘူး နေရာ အရမ်းကြမ်းလို့ ဘယ်သူမှ မလာတာကိုပဲ ကြည့်"

"ဘယ်လို ကြမ်းလို့ တုံးဗျ"

"ဘယ်လိုကြမ်းလဲ ဆိုတာကို ပြောပြရင် မောင်ရင်က နေရာပြောင်းမှာ မို့လို့ လား အဘကစေတနာနဲ့ ပြောတာနော်"

"အခြေအနေကို သိရရင် တစ်မျိုး စဉ်းစားရမှာ ပေါ့ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ဒီနေရာကိုပဲ သဘောကျနေတာတော့ ခက်တယ်"

"မောင်ရင်က ဒီနယ်သား မဟုတ်ဘူး ထင်တယ် အရင်က ဒီတောင်ကို အရူးတောင်လို့ ခေါ်ကြတယ်"

"ဘာဖြစ်လို့ တုန်း အဘ"

"ဘာဖြစ်လို့ လဲဆိုတော့ ဒီတောင်မှာ တရား လာလာကျင့်ကြတဲ့ ဘုန်းကြီးတွေ လူတွေ ရှိခဲ့ဖူးတယ် ဒါပေမဲ့ လာတဲ့ သူတိုင်း နှစ်ညမခံဘူး အကုန် ရူးကုန်ကြတယ်"

"အဖျက်တွေများ လို့ လား ဒါမှ မဟုတ် သီလ မစင်ကြယ်ကြလို့ လား"

"အဖျက်တွေက မများ ဘူး တစ်ယောက်တည်းကပဲ အားလုံးကိုဖျက်တာ လာကြတဲ့ သူတွေကလည်း အတွေ့အကြုံ နုနယ်ကြတာလည်း ပါတယ် ဒါကြောင့် အခုနောက်ပိုင်း ဘယ်သူမှ ဒီတောင်ကို မလာရဲကြဘူး အနီးအနားက ထင်းရှာဝါးရှာ သမားတွေတောင် ညနေစောင်း မရောက်ခင် အပြီး ပြန်ကြတယ်"

အဘိုးအိုရဲ့ စကားကိုကြားတော့ အောင်မြတ်သာက

"ဒီလောက် သောင်းကျန်းနေတာ မဆုံးမကြဘူးလား ဒါမှ မဟုတ် မနိုင်ကြတာလား"

"ဆုံးမနိုင်မယ့်သူ မပေါ်သေးဘူး ထင်ပါတယ် ဒါကြောင့် အရည်အသွေးရှိတဲ့ လူငယ်တစ်ယောက် မဆုံးရှုံးစေချင်လို့ အဘက လာပြောပြတာ တခြားနေရာကိုပဲ သွားပါကွယ်"

"ကျုပ်က ဒီနေရာကိုပဲ စိတ်ဝင်စားသွားပြီ အဘရဲ့ စေတနာကိုတော့ လေးစားပါတယ် ကျုပ်ရဲ့ ကျင့်ကြံစွမ်းအားကို ယုံကြည်တဲ့ အတွက် ဘာမှ မဖြစ်စေရပါဘူး"

"မောင်ရင်က တော်တော် ခေါင်းမာတာပဲ ဒါဆိုလည်း ကျုပ် သွားတော့မယ် ဖြစ်သမျှ အကြောင်း အကောင်းပဲပေါ့"

"အပြန်လမ်း ဂရုစိုက်ပါ နတ်ဆိုးကြီး"

အောင်မြတ်သာက နတ်ဆိုးကြီးလို့ ခေါ်လိုက်ရော အဘိုးအိုရဲ့ မျက်နှာ ကွက်ခနဲ ပျက်သွားပြီး

"သင့်ပညာကလည်း ဘယ်ဆိုးလို့ တုန်း ကျုပ်တာဝန်အရ လာပြောပြီးပြီနော် တစ်ခုခုဖြစ်ရင် ကျုပ်နဲ့ မဆိုင်ဘူး"

"သင်က ဒီတော ဒီတောင်မှာ ခိုကပ်နေရတာ ကျုပ်သိပါတယ် ကျုပ်ဆီ စလာထဲက သင့်ကိုယ်ရောင် ကိုယ်ဝါက မှေးမှိန်လွန်းတာ သတိထားမိတယ် သင့်မှီခိုနေတဲ့ သူကိုလည်း ပြောလိုက်ပါ ကျုပ်စောင့်နေမယ်လို့ "

အောင်မြတ်သာ စကားဆုံးတော့ အဘိုးအို အယောင်ဆောင် ထားရာကနေ တဖြည်းဖြည်း အသွင် ပြောင်း လာပြီး နီကြင်ကြင် အဝတ်အစား

တွေကို ဝတ်ဆင်ထားတဲ့ လူတစ်ယောက် ဖြစ်သွားပြီး

"တောက် သိကြ သေးတာပေ့ါကွာ" ဆိုပြီး ကြိမ်းမောင်းကာ တောင်ကုန်း အကွေ့လေး အနောက်ကို ဝင်ရောက် ပျောက်ကွယ် သွားခဲ့တယ်။

အောင်မြတ်သာလည်း ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းပြီး

"ဒါကြောင့် ဒီနေရာကို လာချင်တဲ့ စိတ် ဖြစ်နေတာကိုး တစ်ယောက်ကို ချေချွတ်ရ ပြန်ဦးမှာ ပါလား" ဆိုပြီး ရေရွတ်လိုက်တယ်။

***